

# လောကနီတိ

# THE LOKANITI

**BY JAMES GRAY**

ပါဠိ၊ မြန်မာ + အင်္ဂလိပ်

လောကနီတိပျို့

ပဉ္စဂံစာတည်းအဖွဲ့

## စာအုပ်တိုက်၏ အမှာ စာ

"လောကနီတိ" ဆိုသည် မှာ ပါဠိစကားဖြစ်၍ မြန်မာပြန်ဆိုရသော် လူ့ဘောင်လူ့လောက၏ ရှေ့ဆောင်လမ်းပြ (သို့) ခေတ်စကားနှင့် ဆိုလျှင် လူ့ဘောင်လောက၏ လမ်းပြမြေပုံ (သို့) Road Map ဟု ဆိုရပေမည်။ ဤ ကျမ်းငယ်သည် ရှေးမြန်မာ ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားရေးတွင် အစဉ်တစိုက် လက်စွဲပြုခဲ့ရသော ကျမ်းငယ်တစ်ဆူပင် ဖြစ်ပေသည် ။

(၁) ပညာရှိ (THE WISE MAN)

(၂) သူတော်ကောင်း (THE GOOD MAN)

(၃) လူမိုက်လူယုတ်မာ (THE EVIL-DOER)

(၄) မိတ်ဆွေ (FRIENDSHIP)

(၅) အမျိုးသမီး (THE WOMAN)

(၆) မင်းအစိုးရ (KINGS)

(၇) အထွေထွေ (MISCELLANEOUS)

စသည် ဖြင့် အခန်း (၇) ခန်းနှင့် ဂါထာပေါင်း (၁၆၇) ဂါထာ ဤ ကျမ်းငယ်တွင် ပါဝင်သည် ။

ယနေ့ခေတ်ကာလတွင် စနစ်သစ်ဖြင့် နိုင်ငံသစ်သို့ ချီတက်နေရ

သော အချိန် ဖြစ်ပေသည် ။ ကျွန်ုပ်တို့ ထင်မြင်ယူဆမိသည် မှာ လူတစ်ဦးချင်းစီမှ သည် လူ့ဘောင်ကောင်းကျိုး သယ်ပိုး ထမ်းဆောင်ပြီး၊ ရှေ့ဆက်လှမ်းလျှောက်ရပေမည်။ လူတစ်ဦးချင်းစီတွင် ငါတကော စိတ်ထားဖြင့် လှမ်းလို့ မရနိုင်ပေ။ ကိုယ့်အတ္တသည် ဘယ်သို့ ဦးတည်နေသလဲဆိုတာ သိနိုင်ဖို့ ရန် အရေးကြီးပါသည် ။ ထိုအတ္တ၊ မာနများ ထိန်းချုပ်နိုင်ဖို့ ရန်အတွက် အဆုံးအမ၊ ဩဝါဒများ ကြားနာပြီး လိုက်နာ ကျင့်သုံးရန် အထူးလိုအပ်ပေသည် ။ ခေတ်ပေါ်ဝါဒများ နှင့် ခေတ်ပေါ်နည်းလမ်းများ လမ်းညွှန်ပြသသူ အများ အပြား ရှိပေသည် ။ သို့ပေမင့် ခေတ်အဆက်ဆက် ရှေ့ဆောင်လမ်းပြ ပြုပေးခဲ့သည့် ဤ ကျမ်းငယ်ကို တော့ လမ်းညွှန်ပြသပေးသူ အရေအတွက် နည်းနိုင်ပေသည် ။

ကျွန်ုပ်တို့ နိုင်ငံတွင် ရဟန်း၊ ရှင်လူ၊ ပြည်သူအများ ကြည်ညို လေးစားခဲ့ရသော ပုဂ္ဂိုလ်ကျော် အများ အပြား ပေါ်ထွန်းခဲ့ဖူးသည် ။ ထိုပုဂ္ဂိုလ်ကျော်တို့ ၏ ဩဇာတိက္ကမ ကြီးခဲ့သော နယ်ပယ်ကား ကိုယ့်မိသားစု မဆိုထားနှင့် မြို့၊ ရွာမှ သည် နိုင်ငံထိအောင် ဖြစ်ခဲ့ကြသည် ။ ကမ္ဘာထိအောင် ကြီးကျယ်ခဲ့သော သူများကိုလည်း တွေ့ကြုံနေရပြီ။ ဘိုးဘေးများက ပြောဆိုခဲ့သည့် အချုပ်မှာ သီလ၊ သိက္ခာ၊ သမာဓိနှင့် ပညာကြောင့် ဟု ဆိုသည် ။ သူတို့ အစဉ်တစိုက် ကျင့်သုံးခဲ့သော မူဝါဒများ ရှိနိုင်သည် ။ ထိုမူများကို လမ်းညွှန်ပြသပေးခဲ့သသော ပတ်ဝန်းကျင်ကောင်းနှင့် ဆရာသမား ကောင်းများ ရှိခဲ့သည် ။ "ဆရာကောင်း တပည့်၊ ပန်းကောင်းပန်" ဟု ဆိုရပေမည်။ သူတို့ နှင့် ထိစပ်သော ပတ်ဝန်းကျင်မှာ ကား အခြေကောင်း၍ အနေတင့်နိုင်ခဲ့ကြပေသည် ။ ထိုလိုသူ မြောက်မြားစွာ ပေါ်ထွန်းစေလိုပါသည် ။

ကျွန်ုပ်တို့ ကြုံတွေ့ရသည့် ယခုခေတ်တွင် ပညာရေးကြောင့် လား? ဆိုဆုံးမဩဝါဒ မခံရမှုကြောင့် လား? ကျွန်ုပ်တို့ မိသားစုလေးပေါ်တော

င်မှ အပြည့်အဝ သြဇာတိက္ကမ မရှိရခြင်းသည် မည်သည့် အချက်ကြောင့် ဖြစ်နိုင်သည် ကို အားလုံးဝိုင်းဝန်း၍ ဆန်းစစ်အဖြေရှာ သင့်သည် ။ ကမ္ဘာကျော် ပုဂ္ဂိုလ်တို့ ၏ အဆိုအမိန့် နီတိများ လည်း ကောင်းမွန်သလို … ကျွန်ုပ်တို့ ၏ ရှေးပညာရှိ သူတော်ကောင်းကြီးများ ၏ နီတိ၊ အဆိုအမိန့်များ သည် လည်း ကောင်းမွန်ပေသည် ။ ခေတ်အဆက်ဆက် မြန်မာ အမျိုးသားတို့ နှင့် ရင်းနှီးကျွမ်းဝင်ခဲ့သော ကျမ်းတစ်စောင် ဖြစ်သည် နှင့် အညီ ခေတ်လူများ ဤကျမ်းစာငယ်ကို လက်စွဲပြုပြီး ဘဝပန်းတိုင်ကို ပြတ်ပြတ် သားသား ရှုမြင်ပြီး လျှောက်လှမ်းနိုင်စေဖို့ ရည်ရွယ်ထုတ်ဝေပါသည် ။

ရှေးကျမ်းဖြစ်သည် နှင့် အညီ ယခုခေတ်နှင့် အံမဝင်သည့် အချက်များ ဖတ်ရပေမည်။ သို့ရာတွင် ရှေးသူတော်ကောင်းတို့ ပြုစုထားခဲ့သော စာများကို မပြင်ဝံ့ပါ။ ကောင်းသည့် အချက်များ နှင့် ဖာထေး ဖတ်ရှုသင့်ပါသည် ။ ဤစာအုပ်ကို ဖတ်ရှုမိပြီး မှန်ကန်သော စိတ်စေတနာများ ဖြင့် အနာဂတ်နိုင်ငံ ကောင်းမွန်ရေးကို ဖန်တီးနိုင်သောသူ အများအပြား ပေါ်ပေါက်ပါစေဟု ဆုတောင်းဆန္ဒပြုပါသည် ။

**ပဥ္စဂံစာတည်းအဖွဲ့**

***